# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 30 , 2023 — Volume 62, Number 20


| ၃၀.၁.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၅၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၀.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၄.၀ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၈၈.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၁.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၇၁.၀၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၂၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## CMP သွင်းကုန်ပို့ကုန်ဆိုင်ရာ ကြီးကြပ်ရေးဆပ်ကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင်တက်ရောက်



https://www.commerce.gov.mm

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ (၁၀:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး၌ ကျင်းပပြုလုပ်ခဲ့သော CMP သွင်းကုန်ပို့ကုန်ဆိုင်ရာ ကြီးကြပ်ရေး ဆပ်ကော်မတီ၏ (၁/၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးညွန့်အောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ဆပ်ကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ CMP ပို့ကုန်သွင်းကုန်များ မှန်ကန်စွာဆောင်ရွက်နိုင်ရေးအတွက် စစ်ဆေးရေးအဖွဲ့များ ဖြည့်စွက်ဖွဲ့စည်း၍ ထိရောက်စွာဆောင်ရွက်နိုင်ရေး ကိစ္စများအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးမှ ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ဆပ်ကော်မတီအဖွဲ့ဝင်ဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်စားလှယ်အရာထမ်းများ၊ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးချုပ်၊ CMP နှင့် ဆက်စပ်သည့် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ကိုယ်စားလှယ်များ၊ CMP ပို့ကုန်သွင်းကုန်ဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းအဖွဲ့ဝင်များ စုစုပေါင်း (၃၅) ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ၂၆.၁.၂၀၂၃ မှ ၂၇.၁.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်




Source: AMIA

**မတ်ပဲ**

မတ်ပဲကတော့ ဈေးတွေပြန်မြင့်တက်လာပါတယ်။ အသစ်ဝင်လာတဲ့ပဲတွေ အဝယ်သွက်နေတယ်လို့ သိရပါတယ်။ လက်ရှိငွေလဲလှယ်နှုန်းဈေးကလည်း အနည်းငယ်ပြန်မြင့်တက်လာပါတယ်။အိန္ဒိယနိုင်ငံရဲ့ ပဲလိုအပ်ချက်ကြောင့် ပြည်တွင်းဝယ်ယူမှုတွေ ရှိနေတာဖြစ်ပြီး ဈေးတွေ အများကြီးမကျဆင်းရန် ဈေးထိန်းနေတဲ့အခြေအနေလည်းဖြစ်တယ်လို့ ကုန်သည်ကြီးအချို့က ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၇ သိန်း ၂သောင်းနီးပါးပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့ အပတ်နဲ့နှိုင်းယှဉ်ရင် တစ်တန်ကို ၇ သောင်းနီးပါး ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၆၇၀၀၀ ကနေ ၁၆၈၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ကျပ် ဈေးတက်ပါတယ်။ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၃၀၀၀ ကနေ ၅၆၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းမှာတော့ တစ်တင်းကို ၁၀၀၀ ကနေ ၁၅၀၀ ကြား ဈေးတက်ပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးအနည်းငယ်မြင့်တက်လာပေမယ့် တစ်ပတ်အတွင်းမှာတော့ ဈေးအပြောင်းအလဲ သိပ်မရှိပဲ နေ့စဉ်အဝင်နဲ့အဝယ်ပေါ်မူတည်ပြီး အတက်အကျရှိနေပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ပဲစင်းငုံနီလိုအပ်ချက်က များနေတဲ့အတွက် ပြည်တွင်း ပဲစင်းငုံနီကတော့ လက်ရှိအချိန်အထိ အမြင့်ဈေးနဲ့ ရှိနေပါတယ်။

ပဲစင်းငုံနီ ဈေးအရမ်းမြင့်ရင်တော့ မူဝါဒတွေပြောင်းပြီး ဈေးနှုန်းထိန်းချုပ်တာတွေ ပြုလုပ်တက်တဲ့ နမူနာများစွာရှိတဲ့အတွက် သတိထားစောင့်ကြည့်ရမယ်လို့ကုန်သည်အချို့က ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၁၈ သိန်း ၃ သောင်းနီးပါးပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂ သောင်းကျော်ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၇၂၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်အိတ်ကို ၂၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊မုံရွာ နှင့် အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၅၇၅၀၀ ကနေ ၅၈၀၀၀ နဲ့ အရောင်းအဝယ်ရှိနေပြီး ၅၀၀ လောက်သာ ဈေးမြင့်တက်ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ အသစ်ဈေးမဖွင့်သေးပဲ အဟောင်းလက်ကျန်ပဲဈေးနဲ့ ဈေးငြိမ်နေပါတယ်။နယ်ဈေးကွက်တွေမှာတော့ တရုတ်အဝယ်ရှိနေတဲ့အတွက် အသစ်တွေရောလက်ကျန်ပဲတွေပါ ဈေးကောင်းရရှိနေတယ်လို့ သိရပါတယ်။

ပဲတီစိမ်းက ပုံမှန်တရုတ်ကို တင်ပို့နေခဲ့ပြီး ဈေးမြင့်တဲ့ပဲဖြစ်ပေမယ့် ကိုဗစ်ကြောင့် တရုတ်နယ်စပ်ပိတ်တဲ့အချိန် ဈေးတွေကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း(ပဲခူးရွှေဝါ၊ခရမ်းရွှေဝါ၊ဝါးခယ်မ )တို့က တစ်ပိဿာကို ၂၀၈၀ ကနေ ၂၉၂၀ ကြား ပေါက်ဈေးရှိနေပြီး ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ)က တစ်အိတ်ကို ၁၃၃၀၀၀ ကနေ ၁၅၇၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ် ခရမ်းရွှေဝါတို့ကလည်း တစ်အိတ်ကို ၁၇၀၀၀၀ ကနေ ၁၉၈၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၃၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

မုံရွာဈေးကွက်မှာတော့ တစ်တင်းကို ၄၃၅၀၀ ကနေ ၅၁၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၃၀၀၀ ကျပ် ဈေးတက်လာပါတယ်။

အောင်လံဈေးကွက်မှာလည်း တစ်တင်းကို ၅၄၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်တင်းကို ၄၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ အသစ်တွေ ဈေးကွက်ထဲကိုဝင်နေပြီး အဝယ်လည်းသွက် ဈေးလည်းတက်နေတယ်လို့ သိရပါတယ်။ တပ်ရိက္ခာအတွက်လည်း ဝယ်ယူနေတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်က ကုလားပဲတွေ ဈေးကောင်းရခဲ့ပြီး လက်ကျန်အစောကြီးပြတ်သွားတဲ့အတွက် ဒီနှစ်မှာတော့ အသစ်ထွက်ချိန် ဝယ်ယူမှုတွေရှိနေတာဖြစ်တယ်လို့ ကုလားပဲ ကုန်သည်အချို့က ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၀၈၀ ကနေ ၃၂၅၀ ပေါက်ဈေးနဲ့ ဈေးငြိမ်ပါတယ်။ ကုလားပဲလုံးဖြူကြီးက တစ်ပိဿာကို ၃၄၁၅ ကနေ ၃၅၈၅ ကျပ်ရှိပြီး ၈၅ ကျပ်ဈေး တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ (ထိုင်ဝမ်)က တစ်အိတ် ကို ၁၇၃၀၀၀ ကနေ ၁၇၅၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်၊ ကုလားပဲ (၉၂၉) ကတော့ တစ်အိတ်ကို ၁၇၆၅၀၀ ကနေ ၁၇၇၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၅၀၀ ကျပ်၊ ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၁၉၃၀၀၀ ကနေ ၁၉၅၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

မုံရွာဈေးကွက်မှာလည်း အသစ်တွေ ဈေးကွက်ထဲကို ဝင်ရောက်နေပြီး၊ ကုလားပဲ(ဗွီတူး)အသစ်ကတော့ တစ်တင်းကို ၆၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ကုလားပဲ(၉၂၉) အသစ် တစ်တင်းကို ၅၉၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ကျပ် ဈေးတက်လာပါတယ်။

**နှမ်းမျိုးစုံ**

နှမ်းမျိုးစုံကတော့ နှမ်းလက်ကျန်နည်းနေပြီး အရည်အသွေးကလည်း သိပ်မကောင်းဘူးလို့ သိရပါတယ်။ အရည်အသွေးကောင်းတဲ့နှမ်းတွေက ဈေးပိုကောင်းရရှိနေပါတယ်။

**နှမ်းနက်(စမုံ)**

မန္တလေးဈေးကွက်မှာ နှမ်းနက်(စမုံ)က တစ်အိတ်ကို ၂၈၀၀၀၀ ကနေ ၃၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ် ဈေးတက်လာပါတယ်။ အောင်လံဈေးကွက်မှာတော့ တစ်အိတ်ကို ၂၄၀၀၀၀ ကနေ ၂၅၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**နှမ်းညို**

နှမ်းညိုကလည်း ဆက်တိုက်မြင့်တက်နေပါတယ်။ မန္တလေးဈေးကွက်မှာ နှမ်းညိုအသစ်ကတစ်အိတ်ကို ၂၅၀၀၀၀ ကနေ ၂၅၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**ပန်းနှမ်း**

ပန်းနှမ်းကတော့ ဆက်တိုက်ဈေးမြင့်တက်နေပြီး လက်ကျန်လည်း နည်းနေတယ်လို့သိရပါတယ်။ မန္တလေးဈေးကွက်မှာ တစ်အိတ်ကို ၁၆၀၀၀၀ ကနေ ၁၆၂၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၂၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ယခုနှစ် ပဲသစ်ရာသီမှာ အသစ်ဝင်ပဲများ ဈေးကွက်အတွင်း ဝင်ရောက်သလောက် အမြင့်ဈေးဖြင့် အဝယ်ကောင်းနေ

ယခုနှစ်ပဲသစ်ရာသီမှာ အသစ်ဝင်ပဲများဈေးကွက်အတွင်း အဝင်ရှိသလောက် အမြင့်ဈေးဖြင့် အဝယ်ကောင်းနေကြောင်း ပဲနှမ်းကုန်သည်များထံက သိရသည်။

ဇန်နဝါရီလကုန်ပိုင်းရက်များတွင်း အသစ်ဝင်ပဲများ ဈေးကွက်အတွင်း အဝင်ရှိသလောက် အဝယ်ကောင်းနေသလို တောင်သူများအနေဖြင့်လည်း ဈေးကောင်းစောင့်ရောင်းချသည့် အခြေအနေမရှိဘဲ စိုက်ခင်းထဲမှ ထွက်ထွက်ချင်း ဈေးကွက်သို့ တင်ပို့ရောင်းချနေရာ ပဲသစ်လှောင်လက်များနှင့် ပို့ကုန်သမားများ ဝယ်လိုအားကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။



Source: မကွေးဂျာနယ်

လက်ရှိ မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ဈေးကွက်တစ်ခုလုံး အဝယ်ကောင်းနေကြောင်း အသစ်ဝင်ပဲများဖြစ်သော်လည်း လက်ရှိနိုင်ငံခြား ငွေပေါက်ဈေးအတက်ပို၍ မျှော်မှန်းပြီး ပို့ကုန်ပဲများ ဈေးကျဆင်းမှုမရှိဘဲ အဝယ်ကောင်းနေကြောင်း၊ အလားတူ ပြည်တွင်းသုံး ကုလားပဲနှင့်ပဲမာလိုင်း၊ နှမ်း၊မြေပဲဆန်များလည်း တရုတ်ပို့ကုန်လိုင်းဖွင့်နေတာနှင့်အတူ ဆက်လက်ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း၊ ပဲသစ်ပေါ်ချိန် ရာသီချိန်မှာ ဖေဖော်ဝါရီ လကုန်ထိသာ ကြာမြင့်နိုင်ကြောင်း ဦးကျော်သွင် (ရွှေစင်သိန်း)ပွဲရုံပိုင်ရှင်က ပြောသည်။

"ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကောင်းနေတယ်လို့ပြောရမယ့် သီးနှံဈေးအားလုံး ဈေးကျဆင်းတာ မရှိသလောက်ဖြစ်နေတယ်။ မြေထောက်ပဲတစ်အိတ် ငွေကျပ် ၂၅၀၀၀၀ ပေါက်ဈေးဖြစ်လာတယ်။ ပို့ကုန်မတ်ပဲတစ်အိတ် ငွေကျပ် ၁၆၆၀၀၀၊ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၁၇၂၅၀၀၊ ပဲတီစိမ်းရွှေဝါအဝင်များလာသလို တစ်အိတ် ငွေကျပ် ၁၈၅၀၀၀-၁၉၀၀၀၀ ထိဈေးကောင်းရနေပါတယ်။ လက်ရှိမှာ ပဲလှောင်လက်အဝယ်တွေ အဝယ်ကောင်းလာတော့ ပို့ကုန်သမားတွေ လိုက်ပါဝယ်ယူနေတာဖြစ်လို့ ပို့ကုန်ပဲအသစ်အဝင်ရှိသလောက် အဝယ်ကောင်းနေတာမျိုးပါ။ ပြည်တွင်းသုံး ကုလားပဲလည်းအသစ်ပေါ်လာလို့ ဈေးကျဆင်းနေရာက ဈေးကျဆင်းမလို့ကနေ V2 အသစ်တစ်အိတ် ငွေကျပ် ၁၈၆၀၀၀ ထိ ပေါက်ဈေးရှိလာပါတယ်။ လက်ရှိမှာက ပဲအသစ်တွေကို ဒေါ်လာငွေဈေးအပြောင်းအလဲမရှိသော်လည်း ပဲအထွက်နည်းလို့ ဝင်သလောက် အမြန်ဝယ်နေတဲ့သဘောဖြစ်နေပါတယ်။ တောင်သူတွေကလည်း ပဲအသစ်တွေကို လှောင်ချိန်မထားဘဲ ချက်ချင်း ရောင်းချတာမို့ ဖေဖော်ဝါရီလကုန်လောက်ဆိုရင် ပစ္စည်းပြတ်နိုင်တဲ့အခြေအနေ ဖြစ်နေတာလည်းပါတယ်။ တရုတ်လိုင်းကို မြေပဲလုံးဆန်ထွက်နေတော့ မြေပဲဆီဆန်ပါလိုက် ဈေးမြင့်တက်လာပါတယ်။ နှမ်းနက်တစ်အိတ် ငွေကျပ် ၃၀၀၀၀၀ ကျော်ဈေးထိရောက်နေပါတယ်။ ဇန်နဝါရီလကုန်ထိ အသစ်ဝင်ပဲများ ဈေးကောင်းနေနိုင်ပါတယ်" ဟု ၎င်းက ပြောသည်။

**မတ်ပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း**

ပြည်တွင်းပဲသစ်ပေါ်ချိန်ကာလ တိုတောင်းမှုရှိလာနိုင်ကြောင်း ပဲကုန်သည်များ၏ သုံးသပ်ချက်နှင့်အတူ ပြည်တွင်း ဒေါ်လာငွေဈေး အပြောင်းအလဲကိုမျှော်လင့်ပြီး အသစ်ဝင်ပို့ကုန်ပဲများ ဈေးအမြင့်ဖြစ်လာရာ ဇန်နဝါရီ ၂၅ ရက်တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၆၇၀၀၀၊ ပဲစင်းငုံတစ်အိတ် ငွေကျပ် ၁၇၂၅၀၀၊ ပဲတီစိမ်းရွှေဝါတစ်အိတ် ငွေကျပ် ၁၈၅၀၀၀-၁၉၀၀၀၀၊ အညာမှာ ထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ပေါက်ဈေးရှိသည်။ အသစ်ဝင်ပို့ကုန်ပဲများမှာ ယခင်အပတ်ထက် တစ်အိတ် ငွေကျပ် ၅၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း သိရသည်။

**နှမ်း၊ မြေပဲ**

တရုတ်နယ်စပ်ဂိတ်ဖွင့်လှစ်လိုက်သည့်နောက်ပိုင်း ကုန်စည်တင်ပို့မှု အဆင်ပြေလာတာနှင့်အတူ တရုတ်ယွမ်ငွေ ကောင်းနေတာကြောင့် နှမ်းဈေးကွက် ဆက်လက်မြင့်တက်နေရာ နှမ်းဖြူ ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀ ထိ ပေါက်ဈေးဖြစ်လာပြီး နှမ်းနက်စမုန်မှာ တစ်အိတ် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိလာသည်။ မြေပဲအနီလုံးဆန် တစ်ပိဿာ ငွေကျပ် ၇၀၀၀၊ ဆီဆန်တစ်ပိဿာ ငွေကျပ် ၆၀၀၀ ထိ ပေါက်ဈေးထိ ဆက်လက်မြင့်တက်နေသည်။

အသစ်ဝင်ပို့ကုန်ပဲများဈေးမြင့်လာတာနှင့်အတူ ပြည်တွင်းသုံးကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများမှာ အသစ်ဝင်ပဲများ မန္တလေးဈေးကွက်အတွင်း အဝင်ရှိသလောက် အရောင်းအဝယ်ကောင်းနေရာ ဇန်နဝါရီ ၂၅ ရက်တွင် ကုလားပဲ V2 (သစ်) တစ်အိတ်လျှင် ငွေကျပ် ၁၈၆၀၀၀၊ ပဲယဉ်းကြီး(သစ်) တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀၊ ပဲကြီး(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀၊ ပဲဇီးကွက်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ကုလားစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၅၁၀၀၀ ပေါက်ဈေးဖြစ်လာသည်။ လက်ရှိ ပဲနှမ်းဈေးကွက် ပေါက်ဈေးများမှာ ဇန်နဝါရီလကုန်ထိ ဆက်လက်အရောင်းအဝယ်ကောင်းနေမည်ဖြစ်ကြောင်း ပဲကုန်သည် များက သုံးသပ်ထားသည်။

**Source: မကွေးဂျာနယ်**

## ပြင်ပဈေးကွက်တွင် စားအုန်းဆီတစ်ပိဿာ ကျပ် ၇၀၀၀ ဝန်းကျင် ဈေးမြင့်တက်လာ

ယခုတစ်ပတ်အတွက် စားအုန်းဆီအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာကျပ် ၄၄၄၀ သတ်မှတ်ပေးထားချိန် ပြင်ပဈေးကွက်တွင် စားအုန်းဆီတစ်ပိဿာကျပ် ၇၀၀၀ အထိ မြင့်တက်လာကြောင်း သိရသည်။

စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် ဇန်နဝါရီ ၂၃ရက်မှ ၂၉ ရက်အထိ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို တစ်ပိဿာကျပ် ၄၄၄၀ သတ်မှတ်ပေးထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ရန်ကုန်မြို့ရှိ မြို့နယ်များတွင် တန်းစီစနစ်နှင့်ရောင်းချရာတွင် စားအုန်းဆီတစ်ပိဿာလျှင် ကျပ် ၄၆၅၀ နှုန်းဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

ပြင်ပဈေးကွက်တွင် စားသုံးဆီဈေးမှာ တစ်ပိဿာ ကျပ် ၅၈၀၀ မှ ကျပ် ၇၀၀၀ ဝန်းကျင်တွင်ရှိနေပြီး ဇန်နဝါရီ လဆန်းပိုင်းအတွင်း ဈေးနှုန်းကျဆင်းခဲ့ရာမှ လက်ရှိတွင် ပြန်လည်မြင့်တက်လာခြင်းဖြစ်သည်။ ပြည်တွင်း၌ စားအုန်းဆီ သုံးစွဲမှုသည် တစ်နှစ်လျှင်တန်ချိန် ၁၀ သိန်းကျော်အထိရှိသည့်အတွက် နှစ်စဉ်တန်ချိန် ခြောက်သိန်းမှခုနစ်သိန်းကြားကို မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့မှ အဓိကထားတင်သွင်းနေရခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ဆန်တန်ချိန် ၉၉၅၅၀ ကျော် တင်ပို့ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးဖြစ်

၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ဆန်တန်ချိန် ၉၉၅၅၀ ကျော် တင်ပို့ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၄၀ ဒသမ ၇၄၆ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၉၉၅၅၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။

တင်ပို့မှုများအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၆၆၁၉၀ ခန့်နှင့်အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၃၃၃၆၀ ခန့် တင်ပို့ခဲ့သည်။ ဆန်တင်ပို့သောနိုင်ငံများမှာ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၁၈၄၁၀ ကျော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၂၆၁၀၀ ၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၅၈၆၀ ၊ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၄၈၀၀၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၆၂၀ ကျော်၊ ဟောင်ကောင်သို့ ဆန်တန်ချိန် ၃၀၀ ကျော်နှင့် စင်ကာပူနိုင်ငံသို့ ဆန်တန်ချိန် ၇၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။

ထို့ပြင် အီးယူအဖွဲ့ဝင်နိုင်ငံများဖြစ်သော ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၇၅၅၀ ၊ စပိန်နိုင်ငံသို့ ဆန်တန်ချိန် ၄၉၂၀ ကျော်၊ တူရကီနိုင် ငံသို့ ဆန်တန်ချိန် ၄၀၉၀၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၂၇၅၀၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၂၄၄၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၂၃၇၀ ကျော်၊ အင်္ဂလန်နိုင်ငံသို့ ဆန်တန်ချိန် ၁၉၅၀ တန်၊ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀၀၊ လစ်သူရေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၁၄၀၀၊ ဆလိုဗေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၉၂၀ကျော်၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၁၀၅၀၊ ခရိုအေးရှား၊ လက်ဘနွန်နှင့် ဂျာမနီနိုင်ငံတို့သို့ ဆန်တန်ချိန် ၅၀၀ စီ၊ နယ်သာလန်နိုင်ငံနှင့် ချက်သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ စီ၊ ပြင်သစ်နိုင်ငံသို့ ဆန်တန်ချိန် ၃၅၀ နှင့် အခြားနိုင်ငံများသို့လည်း အနည်းငယ် တင်ပို့ခဲ့သည်။

ဒီဇင်ဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၁၄ ဒသမ ၈၅၆ သန်း တန်ဖိုးရှိ ဆန်တန်ချိန် ၄၀၂၀၀ ကျော် တင်ပို့နိုင်သဖြင့် နည်းလမ်းနှစ်သွယ်မှ ဆန်တင်ပို့မှု စုစုပေါင်းတန်ချိန် ၁၃၉၇၅၀ ဖြစ်သည်။ နိုဝင်ဘာလအတွင်း ဆန်တင်ပို့မှုမှာတန်ချိန် ၁၅၇၉၅၀ ကျော်ဖြစ်သဖြင့် ယခုလတွင်ဆန်တန်ချိန် ၁၈၂၀၀ ကျော် လျော့နည်းခဲ့သည်။

ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဒေါ်လာ ၁၇ ဒသမ ၂၇၀ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၄၇၀၅၀ ကျော် တင်ပို့ခဲ့သည်။ တင်ပို့မှုများအနေဖြင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၃၉၆၀၀ ကျော်နှင့် တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၇၄၅၀ ခန့် တင်ပို့ခဲ့သည်။ ဒီဇင်ဘာလအတွင်း မြန်မာ-တရုတ်နှင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၁၀ ဒသမ ၂၃၅ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၈၅၄၀ ကျော်တင်ပို့ခဲ့သည်။ တင်ပို့မှုအနေဖြင့်

မြန်မာ-တရုတ်နယ်စပ်မှ ဆန်ကွဲတန်ချိန် ၂၇၂၀၀ ကျော်နှင့် မြန်မာ-ထိုင်းနယ်စပ်မှ ဆန်ကွဲတန်ချိန် ၁၃၃၀ ကျော် တင်ပို့ကြောင်းသိရသည်။ နည်းလမ်းနှစ်သွယ်မှ စုစုပေါင်း ဆန်ကွဲတင်ပို့မှုတန်ချိန် ၇၅၆၀၀ ခန့်ရှိပြီး အနီးစပ်ဆုံးကာလနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန် ၁၅၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။ ဒီဇင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု တန်ချိန် စုစုပေါင်း ၂၁၅၃၄၀ ရှိပြီး တန်ဖိုး ဒေါ်လာ ၈၃ ဒသမ ၁၀၇ သန်း ရရှိခဲ့သည်။

Source: https://news-eleven.com/article/243691

## ဂျုံနှင့်အခြားသီးနှံများ ဈေးပြန်ကျလာသော်လည်း ကမ္ဘာ့ဆန်ဈေးများ မြင့်တက်နေ

ဂျုံနဲ့ တခြားလယ်ယာကုန်စည်ဈေးတွေ ပြန်ကျလာချိန်မှာ ကမ္ဘာ့ဆန်ဈေးတွေကတော့ မြင့်တက်လျက်ရှိနေပါတယ်။ ဒါဟာ လူသားသန်းပေါင်းများစွာကို ဆင်းရဲတွင်းထဲ သက်ဆင်းစေခဲ့တဲ့ ကုန်ဈေးနှုန်းကြီးမြင့်မှုပြဿနာ အကင်းမသေသေးတဲ့ လက္ခဏာဖြစ်ပါတယ်။

အာရှဈေးကွက် ရည်ညွှန်းဈေးတစ်ခုဖြစ်တဲ့ ထိုင်းဆန်ဈေးဟာ နှစ်နှစ်နီးပါးအတွင်း အမြင့်ဆုံးအထိ ထိုးတက်ခဲ့ပါတယ်။ ဈေးတက်စေတဲ့ အဓိကအကြောင်းဟာ ဝယ်လိုအားကောင်းမွန်မှုကြောင့်ဖြစ်ပြီး ယူကရိန်းစစ်ပွဲကြောင့် ဂျုံရောင်းအား ပြတ်တောက်ခဲ့တဲ့နောက်ပိုင်း အချို့နိုင်ငံတွေက ဂျုံအစား ဆန်ကိုပိုမိုဝယ်ယူလာကြလို့ပါ။ တချို့ ဆန်တင်သွင်းနိုင်ငံတွေဟာ ပွဲတော်ရာသီတွေမတိုင်ခင် ဆန်ဖြည့်တင်းဝယ်ယူနေသလို ထိုင်းဘတ်ငွေတန်ဖိုး မြင့်တက်မှုကလည်း ဒေါ်လာနဲ့အရောင်း အဝယ်ပြုလုပ်တဲ့ ဆန်ဈေးတွေကို ကြီးမြင့်လာစေခဲ့ပါတယ်။

ဆန်ဟာ ကမ္ဘာ့လူဦးရေတစ်ဝက်လောက်ရဲ့ အခြေခံအစားအစာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် မတ်လတုန်းက ဂျုံဈေးတွေ စံချိန်တင်မြင့်တက်ခဲ့ပေမဲ့ ဆန်ကတော့ ကျန်သီးနှံတွေနဲ့စာရင် ၂၀၂၂ တစ်လျှောက်လုံး ဈေးတည်ငြိမ်ခဲ့ကာ အာရှတိုက် အတွင်း စားသောက်ကုန်ဈေး မြင့်တက်မှုကို အထိန်းအကွပ်ဖြစ်စေခဲ့ပါတယ်။ အခုလို ဆန်ဈေးတွေ ကြီးမြင့်လာခြင်းက တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်တို့လို ဆန်စားသုံးတဲ့နိုင်ငံတွေက လူဦးရေသန်းထောင်ချီအတွက်တော့ မလိုလားအပ်တဲ့သတင်း ဖြစ်နေပါလိမ့်မယ်။ ကုလသမဂ္ဂကတော့ ဆန်ဈေးတွေတက်လာတာကို အန္တရာယ်တစ်ခုအဖြစ် သတိပေးထားပြီး စားနပ်ရိက္ခာ ဖူလုံရေးနဲ့ပတ်သက်လို့ နိုးနိုးကြားကြားရှိကြဖို့ ဆော်ဩထားပါတယ်။

ဆန်တင်ပို့မှုဒုတိယအများဆုံး ထိုင်းနိုင်ငံဆီကနေ အီရတ်နဲ့အင်ဒိုနီးရှားတို့က အများအပြားဝယ်ယူတယ်လို့ ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းရဲ့ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophaswongse က ပြောပါတယ်။ "အီရတ်က ကျွန်တော်တို့ဆန်ကို လစဉ်ဝယ်ယူအားပေးနေပါတယ်" လို့ ၎င်းကပြောပါတယ်။ အရှေ့အလယ်ပိုင်းနိုင်ငံဖြစ်တဲ့ အီရတ်ဟာ ပြီးခဲ့တဲ့နှစ်မှာ ထိုင်းဆန်ဝယ်ယူမှုအများဆုံးနိုင်ငံဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ထိုင်းဆန်ဈေးတွေ ပိုပြီးကြီးမြင့်လာတာကြောင့် အော်ဒါမှာယူမှုတွေတော့ နှေးကွေးလာပါတယ်။ တရုတ်နဲ့ မလေးရှားမှာရှိတဲ့ ဝယ်လက်တွေက ဈေးပိုသက်သာတဲ့ဆီကို ပြောင်းလဲဝယ်ယူလာကြောင်း၊ သီးနှံသစ်တွေ ဈေးကွက် ဝင်ရောက်မဲ့ မတ်လဝန်းကျင်ရောက်ရင်တော့ ဈေးတွေပြန်ကျလာနိုင်ကြောင်း Chookiat က ပြောပါတယ်။ အဲဒီအချိန် ဈေးကျလာရင်တောင် ထိုင်းဆန်ဟာ အမျိုးအစားတူ ဗီယက်နမ်ဆန်ထက် ဈေးပိုများနေဦးမယ်လို့ ၎င်းကပြောပါတယ်။ ထိုင်းဆန် နောက်ဆုံးပေါက်ဈေးဟာ တစ်တန်ကို ၅၂၃ ဒေါ်လာ ဖြစ်ပြီး ၂၀၂၁ မတ်လနောက်ပိုင်း အမြင့်ဆုံးဖြစ်ပါတယ်။ ဗီယက်နမ်ဆန်ဟာ ထိုင်းဆန်ထက် ၁၀ ရာခိုင်နှုန်း ဈေးပိုသက်သာကာ တစ်တန်ကို ၄၅၈ ဒေါ်လာကနေ ၄၆၂ ဒေါ်လာကြားမှာ ရှိနေပါတယ်။

ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းဟာ ယခုနှစ် ထိုင်းဆန်တင်ပို့မှု ခန့်မှန်းချက်ကို အစောပိုင်းက တန်ချိန် ရှစ်သန်း မှန်းထားရာကနေ တန်ချိန် ၇ ဒသမ ၅ သန်းထိ လျှော့ချလိုက်ကြောင်း Chookiat က ပြောပါတယ်။ ပြီးခဲ့တဲ့နှစ်မှာတော့ ထိုင်းဆန်တင်ပို့မှုဟာ တန်ချိန် ၇ ဒသမ ၇ သန်းထိရောက်ရှိခဲ့ပြီး လေးနှစ်အတွင်းအများဆုံးဖြစ်ကြောင်း ကနဦးထွက်ရှိ ထားတဲ့ ပို့ကုန်စာရင်းတွေအရ သိရပါတယ်။ မြန်မာနိုင်ငံမှာလည်း လက်ရှိအနေအထားအရ ဆန်ဈေးတွေဟာ အတက်ပိုင်းမှာ ဆက်ရှိနေတာဖြစ်ပါတယ်။

**Ref: Soaring Rice Price Shows Food Inflation Still Stalking the World – Bloomberg**

https://greenwaymyanmar.com/posts/Soaring_World_Rice_Price

## လက်ဖက်စိုက်ပျိုးရာဒေသများ၌ လက်ဖက်ခြံပြုစုချိန်တွင် လက်ဖက်စိုနှင့်လက်ဖက်ခြောက်များ ဈေးကောင်းရရှိ



https://www.myawady.net.mm

ပြည်တွင်းရှိ လက်ဖက်စိုက်ပျိုးရာဒေသများ၌ ယခုအချိန်သည် လက်ဖက်ခြံပြုစုချိန် ဖြစ်သည့်အပြင် ဈေးကွက်အတွင်း ဝယ်လိုအားပုံမှန်ရှိနေ၍ လက်ဖက်စိုနှင့် လက်ဖက်ခြောက်များ ဈေးကောင်းရရှိနေကြောင်း လက်ဖက်စိုက်ပျိုးရောင်းချသူများ၏ ပြောပြချက်အရ သိရသည်။

လက်ဖက်ခြံများ၌ ဧပြီလမှ စက်တင်ဘာလအတွင်း လက်ဖက်နုများ ဆွတ်ခူးလေ့ရှိပြီး ကျန်အချိန်များတွင် အပင်ပြုစုခြင်းများ ဆောင်ရွက်လေ့ရှိသည်။ “ဧပြီလမှာ လက်ဖက်ရွက်နုစတင်ထွက်ရှိပါတယ်။ အဲဒီအချိန်ကျမှ လက်ဖက်စိုက်ပျိုးတဲ့ ဒေသတိုင်းလိုလို စခူးကြတယ်။ အခုချိန်က ပေါင်းရှင်းတာတွေ လုပ်ဆောင်နေပါတယ်။ လက်ဖက်စိုက်သူအားလုံးလိုလိုက ပေါင်းသတ်ဆေးမသုံးပါဘူး။ လက်ဖက်ဈေးကွက်လည်း အရောင်းအဝယ်မကျဘဲ ကောင်းနေလို့ ဈေးပိုကောင်းနေပါတယ်။ ဒီတစ်နေရာတည်းမဟုတ်ဘဲ ဒေသတိုင်းလိုလို လက်ဖက်ဈေးကောင်းပါတယ်”ဟု ပင်လောင်းမြို့နယ်မှ လက်ဖက်စိုက်ပျိုး ထုတ်လုပ်ရောင်းချသူ ဦးမျိုးမင်းကပြောသည်။

လက်ရှိတွင် ရွှေဖီရွှေးသန့်လွှတ် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၊ လက်ဖက်အစိုအညွန့် တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ Green Tea အကျစ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၊ Green Tea အပွခြောက်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ဖြင့် ဈေးနှုန်းအသီးသီးရရှိနေကာ ယခင်နှစ် လက်ဖက်ဆွတ်ခူးရာသီ နွေဦးပိုင်းကထက် အမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ ဝန်းကျင် ဈေးနှုန်းပိုမိုရရှိနေကြောင်း သိရသည်။

ပြည်တွင်းမှထွက်ရှိသည့် လက်ဖက်စိုများကို အမေရိကန်အပါအဝင် ပြည်ပနိုင်ငံတချို့သို့ တင်ပို့လေ့ရှိသည်။ ကျောက်မဲ၊ ပင်လောင်း စသည့် ဒေသထွက်လက်ဖက်များမှာ နာမည်ကျော်ကြားကာ ဈေးကောင်းရရှိကြောင်းသိရသည်။ ထို့ပြင် ရှမ်းပြည်နယ်ရှိ လက်ဖက်စိုက်ပျိုးရာဒေသများ၌ စိုက်ပျိုးထုတ်လုပ်ရာတွင် ပြည်ပနည်းပညာအကူအညီများဖြင့် ဆောင်ရွက်လျက်ရှိရာ အရည်အသွေးပိုင်း ဆိုင်ရာတိုးတက်လျက်ရှိကြောင်း၊ ပင်လောင်းဒေသရှိ လက်ဖက်စိုက်တောင်သူများအား GAP လက်မှတ်များရရှိရန်လည်း ဆောင်ရွက်နေကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/node/36071

## တရုတ်က ကမ္ဘာ့မော်တော်ကားတင်ပို့မှုတွင် တတိယနေရာရောက်ရှိလာ



တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းသို့ မော်တော်ကားများတင်ပို့မှုတွင် တတိယနေရာသို့ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ ကမ္ဘာ့မော်တော်ကား ဈေးကွက်သို့ တင်ပို့သော မော်တော်ကားအရေအတွက်သည် ၂ သန်းခွဲအထိ စံချိန်တင် ရောက်ရှိခဲ့သည့်အတွက် ကမ္ဘာ့တတိယမြောက် မော်တော်ကားတင်ပို့မှု အများဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း Bloomberg သတင်းဌာနက ဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် မော်တော်ကားတင်ပို့မှုအများဆုံးနိုင်ငံများမှာ ဂျပန်နိုင်ငံနှင့်ဂျာမနီနိုင်ငံတို့ဖြစ်ပြီး တရုတ်နိုင်ငံ၏ နောက်၌ အမေရိကန်နှင့်တောင်ကိုရီးယားနိုင်ငံတို့ ရပ်တည်နေသောကြောင့် တရုတ်နိုင်ငံက ကမ္ဘာ့မော်တော်ကား ထုတ်လုပ်တင်ပို့သူများကြား ထိုးဖောက်ဝင်ရောက်လာနေပြီကို ဖော်ပြနေသည်။

အထူးသဖြင့် တရုတ်နိုင်ငံထုတ်မော်တော်ကားများကို အရှေ့အလယ်ပိုင်းနှင့် လက်တင်အမေရိကဒေသတို့က လူကြိုက်များနေသည်။ ဥရောပဒေသတွင်မူ တက်စလာကုမ္ပဏီထုတ်လျှပ်စစ်ကားများနှင့် တရုတ်ပိုင်ကုမ္ပဏီများကထုတ်လုပ်သော လျှပ်စစ်ကားများက ရေပန်းစားနေသည်။ အလားတူ တရုတ်ပြည်တွင်းကုမ္ပဏီများဖြစ်သော BYD နှင့် Nio တို့ကဲ့သို့သော အမှတ်တံဆိပ်များသည်လည်း လူကြိုက်များလျက်ရှိသည်။

အဓိကအားဖြင့် BYD ကုမ္ပဏီထုတ် လျှပ်စစ်ကားများသည် ဩစတြေးလျကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လျှပ်စစ်ကား ဈေးကွက်တွင် နေရာကောင်းများကိုရယူထားနိုင်သည်။

ကမ္ဘာပေါ်တွင် မော်တော်ကားအများဆုံးတင်ပို့သူဖြစ်သည့် ဂျပန်နိုင်ငံက ၂၀၂၂ ခုနှစ်၏ ၁၁ လတာကာလအတွင်း ကမ္ဘာ့ဈေးကွက်သို့ မော်တော်ကားအစီးရေ ၃ ဒသမ ၂ သန်းတင်ပို့ထားသည်။

ဂျာမနီနိုင်ငံကမူ မော်တော်ကားအစီးရေ ၂ ဒသမ ၆၁ သန်းတင်ပို့ထားနိုင်ကာ ၎င်း၏တင်ပို့မှုပမာဏသည် ၂၀၂၁ ခုနှစ်ကထက် ၁၀ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**Source: RT**

https://www.myawady.net.mm/node/36067

## STOCK EXCHANGE (30.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,125 (Shares) | 9,185,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | -200 | -2.27% | 8,600 | 8,600 | 8,600 | 273 | 2,347,800 | 33,109,694 | 284,743 |
| MTSH | 00002 | 3,250 | +0 | +0.00% | 3,250 | 3,300 | 3,200 | 459 | 1,494,300 | 38,929,150 | 126,520 |
| MCB | 00003 | 7,600 | +100 | +1.33% | 7,600 | 7,600 | 7,600 | 1 | 7,600 | 10,400,986 | 79,048 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,800 | 1,850 | 1,800 | 2,039 | 3,672,150 | 24,720,530 | 45,733 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 29 | 75,400 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 5,000 | 5,000 | 4,900 | 324 | 1,588,600 | 10,497,598 | 51,438 |


### Market summary

As of 30th Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.73 | -3.58 | -0.92% | 386.13 | 388.45 | 386.13 | 3,125 | 9,185,850 | 7 | 672,763 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 30th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 3,125 (Shares) | 9,185,850 (MMK) |

## Main Board

As of 1:00 pm, 30th Jan. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,125 (Shares) | 9,185,850 (MMK) |

| MYANPIX | 386.73 ▼ 3.58 |
|---|---|
| Total Volume (shares) | 3,125 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 672,763 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▼ 200 |
| MTSH | 00002 | 3,250 | ▲ 0 |
| MCB | 00003 | 7,600 | ▲ 100 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR